**Burmese Democratic Futures Working Group – BDFWG**

**University of Virginia**

# Weekly Summary (October 08 - 14, 2024)

## အောက်တိုဘာလ ဒုတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် အောက်တိုဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၈၂ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၅ ပါး၊ ကလေး ၁၂ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၈ ဦး သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၂၁ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၄ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၇ ဦး၊ ပဲခူးတိုင်းတွင် ၅ ဦး၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၃ ဦးစီနှင့် ချင်းပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၅၆ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ တိုင်း ၂ တိုင်းတွင် စစ်ကောင်စီတပ် မီးရှို့သဖြင့် နေအိမ် ၁၄ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မကွေးတိုင်းတွင် နေအိမ် ၉ လုံးနှင့် စစ်ကိုင်းတိုင်းတွင် နေအိမ် ၅ လုံးတို့ ဖြစ်ကြပါသည်။

### ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၆ ခုတွင် အောက်တိုဘာလ ဒုတိယအပတ်အတွင်း အရပ်သားပြည်သူ ၃၁၂ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၁၂၀ ဦး၊ မန္တလေးတိုင်းတွင် ၁၀၀ ဦး၊ မကွေးတိုင်းတွင် ၅၅ ဦး၊ ပဲခူးတိုင်းတွင် ၂၅ ဦး၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ၆ ဦးစီတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၉ ခုတွင် အောက်တိုဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၆၄ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၃၄ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၉ ကြိမ်၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ မန္တလေးတိုင်းတွင် ၅ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၄ ကြိမ်၊ ကချင်ပြည်နယ်တွင် ၂ ကြိမ်၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## အောက်တိုဘာလ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ဒုတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၅၀ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၉ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇ ကြိမ်စီ၊ ကရင်နီပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ကြိမ်စီ၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၂ ကြိမ်စီ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

အောက်တိုဘာလ ဒုတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၈၁ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၃ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု


## TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ရှိ စစ်ကောင်စီ၏ နောက်ဆုံး လက်ကျန်ခံတပ်စခန်းဖြစ်သော ခလရ ၂၃ တပ်ရင်း ဌာနချုပ်ကို TNLA ဦးဆောင်သော တော်လှန်ရေးတပ်များက အောက်တိုဘာ ၁၃ ရက်တွင် အပြီးသတ်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး


- အောက်တိုဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ကို PDF, KIA နှင့် ဒေသတွင်း တော်လှန်ရေးတပ်များက သိမ်းပိုက်နိုင်ခဲ့ပြီး စစ်တပ်ဘက်မှ ၇၀ ဦးဝန်းကျင်သေဆုံးပြီး အလင်းဝင်သူနှင့် စစ်သုံ့ပန်း ၁၅၀ ဦး ဖမ်းဆီးရရှိကာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၇၅ ဦး ပျောက်ဆုံးနေသည်။

**အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 08-14, October 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 6 | | |
| **BAGO** | 2 | 1 | 16 | | 1 | 4 | 25 | | |
| **CHIN** | 1 | | | 1 | | 1 | | | |
| **KACHIN** | 7 | 2 | 21 | | | | | | |
| **KARENNI** | 5 | | | 1 | | | | | |
| **KAYIN** | 1 | 1 | 3 | | 1 | 2 | | | |
| **MAGWAY** | 2 | 7 | 15 | 1 | | 3 | 55 | | 9 |
| **MANDALAY** | 8 | 5 | 34 | | 2 | 19 | 100 | | |
| **MON** | 2 | | 8 | | | | | | |
| **RAKHINE** | 5 | 4 | 2 | | 4 | 24 | | | |
| **SAGAING** | 9 | 34 | 72 | | 4 | 10 | 120 | | 5 |
| **SHAN ( N )** | 7 | 9 | | | | 7 | | | |
| **TANINTHARYI** | 1 | 1 | 4 | | | | | | |
| **YANGON** | | | 6 | | | | 6 | | |
| **TOTAL** | **50** | **64** | **181** | **3** | **12** | **70** | **312** | | **14** |

## Map of Myanmar Conflict ( October 08-14, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

- အောက်တိုဘာ ၉ ရက်တွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့မှာပြုလုပ်တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံ့ခေါင်းဆောင်တွေ တက်ရောက်တဲ့ ၄၄ ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကို စစ်ကောင်စီက နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်မိုးကို ၄ နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ် စေလွှတ်ခဲ့ပါတယ်။

- (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးကို တက်ရောက်မယ့် ဘရူးနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံက ရေတပ်အကြီးအကဲများနဲ့ ကိုယ်စားလှယ်များ နေပြည်တော်ကို ရောက်ရှိပြီး စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ အောက်တိုဘာ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

- (PNLO/PNLA) ဦးဆောင်နာယကအဖြစ် တာဝန်ယူခဲ့သည့် ဗိုလ်မှူးကြီး ခွန်ဥက္ကာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဗိုလ်မှူး ခွန်မင်းသိမ်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂) နန်းယဉ်ယဉ်စိုးတို့အား အဖွဲ့ဝင်၊ တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း PNLO/PNLA က အောက်တိုဘာ ၁၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ပါတယ်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese, The Nation Voive.**